# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၀ - ဗောဇ္ဈင်္ဂဝိဘင်္ဂ

## (ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဝေဖန်၍ ပြသောဝိဘင်း)

**၁ - သုတ္တန္တဘာဇနီယနည်း** (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

**ဗောဇ္ဈင် ၇-ပါး** (သစ္စာလေးပါးကို သိကြောင်းတရား ၇-ပါး)

**ဗောဇ္ဈင် ၇-ပါး အကျယ် (ပဌမနည်း)**

(၁) သတိသမ္ဗောဇ္ဈင်

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

(၃) ဝီရိယသမ္ဗောဇ္ဈင်

(၄) ပီတိသမ္ဗောဇ္ဈင်

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

(၆) သမာဓိသမ္ဗောဇ္ဈင်

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်

**ဗောဇ္ဈင် ၇-ပါး အကျယ် (ဒုတိယနည်း)**

(၁) သတိသမ္ဗောဇ္ဈင်

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

(၃) ဝီရိယသမ္ဗောဇ္ဈင်

(၄) ပီတိသမ္ဗောဇ္ဈင်

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

(၆) သမာဓိသမ္ဗောဇ္ဈင်

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်

**ဗောဇ္ဈင် ၇-ပါး အကျယ် (တတိယနည်း)**

# ၁၀ - ဗောဇ္ဈင်္ဂဝိဘင်္ဂ

၂ - **အဘိဓမ္မဘာဇနီယနည်း** (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

လောကုတ္တရာကုသိုလ်စိတ်၌ ပဌမနည်း

လောကုတ္တရာကုသိုလ်စိတ်၌ ဒုတိယနည်း

(၁) သတိသမ္ဗောဇ္ဈင်

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

(၃) ဝီရိယသမ္ဗောဇ္ဈင်

(၄) ပီတိသမ္ဗောဇ္ဈင်

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

(၆) သမာဓိသမ္ဗောဇ္ဈင်

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်

လောကုတ္တရာဝိပါက်စိတ်၌ ပဌမနည်း

လောကုတ္တရာဝိပါက်စိတ်၌ ဒုတိယနည်း

(၁) သတိသမ္ဗောဇ္ဈင်

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

(၃) ဝီရိယသမ္ဗောဇ္ဈင်

(၄) ပီတိသမ္ဗောဇ္ဈင်

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

(၆) သမာဓိသမ္ဗောဇ္ဈင်

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်

# ၁၀ - ပဋ္ဌာန်းဝိဘင်း

၃ - **ပဉှာပုစ္ဆက** (အမေးအဖြေပြု၍ ဟောကြားသောနည်း)

ဟေတုစွန် ၇-ပါး

ဟေတုစွန် ၇-ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက် အမေးပုစ္ဆာ

ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁၀၀) သရဏဒုက်အမေးပုစ္ဆာ

ဟေတုစွန်ခုနစ်ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက်အဖြေ
(၂) ဝေဒနာတိက်အဖြေ
(၃) ဝိပါကတိက်အဖြေ
(၄) ဥပါဒိန္နတိက်အဖြေ
(၅) သံကိလိဋ္ဌတိက်အဖြေ
(၆) ဝိတက္ကတိက်အဖြေ
(၇) ပီတိတိက်အဖြေ
(၈) ဒဿနတိက်အဖြေ
(၉) ဒဿနဟေတုတိက်အဖြေ
(၁၀) အာစယဂါမိတိက်အဖြေ
(၁၁) သေက္ခတိက်အဖြေ
(၁၂) ပရိတ္တတိက်အဖြေ
(၁၃) ပရိတ္တာရမ္မဏတိက်အဖြေ
(၁၄) ဟီနတိက်အဖြေ
(၁၅) မိစ္ဆတ္တတိက်အဖြေ
(၁၆) မဂ္ဂါရမ္မဏတိက်အဖြေ
(၁၇) ဥပ္ပန္နတိက်အဖြေ
(၁၈) အတီတတိက်အဖြေ
(၁၉) အတီတာရမ္မဏတိက်အဖြေ (တိက်မှတ်)
(၂၀) အဇ္ဈတ္တတိက်အဖြေ
(၂၁) အဇ္ဈတ္တာရမ္မဏတိက်အဖြေ
(၂၂) သနိဒဿနတိက်အဖြေ

# ၁၀ - ဗောဇ္ဈင်္ဂဝိဘင်္ဂ

ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဟေတုဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက်
(၂) သဟေတုကဒုက်
(၃) ဟေတုသမ္ပယုတ္တဒုက်
(၄) ဟေတုသဟေတုကဒုက်
(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်
(၆) နဟေတုသဟေတုကဒုက်

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်
(၈) သင်္ခတဒုက်
(၉) သနိဒဿနဒုက်
(၁၀) သပ္ပဋိဃဒုက်
(၁၁) ရူပီဒုက်
(၁၂) လောကိယာဒုက်
(၁၃) ကေနစိဝိညေယျဒုက်

အာသဝဂေါစ္ဆကဒုက်အဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက်
(၁၅) သာသဝဒုက်
(၁၆) အာသဝသမ္ပယုတ္တဒုက်
(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)
(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်
(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

သံယောဇနဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

ဩဃဂေါစ္ဆကအဖြေ

(၃၂-၃၇) ဩဃဒုက်

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

## ၁၀ - ဗောဇ္ဈင်္ဂဝိဘင်္ဂ

ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္မဏဒုက်
(၅၆) စိတ္တဒုက်
(၅၇) စေတသိကဒုက်
(၅၈) စိတ္တသမ္ပယုတ္တဒုက်
(၅၉) စိတ္တသံသဋ္ဌဒုက်
(၆၀) စိတ္တသမုဋ္ဌာနဒုက်
(၆၁) စိတ္တသဟဘုဒုက်
(၆၂) စိတ္တာနုပရိဝတ္တိဒုက်
(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်
(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်
(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်
(၆၆) အဇ္ဈတ္တိကဒုက်
(၆၇) ဥပါဒါဒုက်
(၆၈) ဥပါဒိန္နဒုက်

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉-၇၄) ဥပါဒါနဒုက်

ကိလေသဂေါစ္ဆကအဖြေ

(၇၅-၈၂) ကိလေသဒုက်

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်
(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်
(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်
(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်
(၈၇) သဝိတက္ကဒုက်
(၈၈) သဝိစာရဒုက်
(၈၉) သပ္ပီတိကဒုက်
(၉၀) ပီတိသဟဂတဒုက်
(၉၁) သုခသဟဂတဒုက်
(၉၂) ဥပေက္ခာသဟဂတဒုက်
(၉၃) ကာမာဝစရဒုက်
(၉၄) ရူပါဝစရဒုက်
(၉၅) အရူပါဝစရဒုက်
(၉၆) ပရိယာပန္နဒုက်
(၉၇) နိယျာနိကဒုက်
(၉၈) နိယတဒုက်
(၉၉) သဥတ္တရဒုက်
(၁၀၀) သရဏဒုက်

ဗောဇ္ဈင် ၇-ပါးတို့ကို ဝေဖန်၍ပြသော

ဗောဇ္ဈင်ဝိဘင်း မာတိကာ ပြီးပြီ။

------

# အဘိဓမ္မပိဋက

# ပိဋကတ်ပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၀ - ဗောဇ္ဈင်္ဂဝိဘင်္ဂ

## (ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

## ၁ - သုတ္တန္တဘာဇနီယနည်း

## (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

### ဗောဇ္ဈင် ၇-ပါး

### (သစ္စာလေးပါးကို သိကြောင်းတရား ၇-ပါး)

၄၆၆။ သစ္စာလေးပါးကိုသိကြောင်း ‘ဗောဇ္ဈင်’ တရား ခုနစ်ပါးတို့ကား-

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။

(၂) သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်။

(၃) အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်။

(၄) နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်။

(၅) ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်။

(၆) တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

------

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## ဗောဇ္ဈင် ၇-ပါး အကျယ် (ပဌမနည်း)

### (၁) သတိသမ္ဗောဇ္ဈင်

၄၆၇။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အောက်မေ့မှု 'သတိ' ရှိ၏၊ ပညာနှင့် ယှဉ်သော မြတ်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်သော ကာလက ပြုခဲ့သည်ကို လည်းကောင်း၊ ကြာမြင့်သော ကာလကဆိုခဲ့သည်ကို လည်းကောင်း အောက်မေ့နိုင်၏။ အထပ်ထပ် အောက်မေ့နိုင်၏။ ဤသဘောကို အောက်မေ့မှု သတိသမ္ဗောဇ္ဈင် ဟု ဆိုအပ်၏။

### (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

ထိုသတိသမ္ဗောဇ္ဈင်ဖြင့် နေသော ရဟန်းသည် ထိုအောက်မေ့ အမှတ်ရသော တရားကို ဝိပဿနာဉာဏ်ဖြင့် စိစစ်၏၊ သုံးသပ်၏၊ စူးစမ်းခြင်းသို့ ရောက်၏၊ ဤသဘောကို သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင် ဟု ဆိုအပ်၏။

### (၃) ဝီရိယသမ္ဗောဇ္ဈင်

ထိုတရားကို ဝိပဿနာဉာဏ်ဖြင့် စိစစ်သုံးသပ် စူးစမ်းခြင်းသို့ ရောက်သော ရဟန်းအား မတွန့်ဆုတ်သော အားထုတ်ခြင်း လုံ့လသည် ဖြစ်၏။ ဤသဘောကို အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

### (၄) ပီတိသမ္ဗောဇ္ဈင်

အားထုတ်ခြင်း လုံ့လရှိသော ရဟန်းအား တွယ်တာမှု (အာမိသ) ကင်းသော နှစ်သက်မှု ပီတိသည် ဖြစ်၏။ ဤသဘောကို နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

### (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

နှစ်သက်သော စိတ်ရှိသော ရဟန်း၏ ကိုယ်သည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏။ ဤသဘောကို ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

### (၆) သမာဓိသမ္ဗောဇ္ဈင်

ငြိမ်းအေးသော ကိုယ်ရှိသောကြောင့် ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။ ဤသဘောကို တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

### (၇) ဥပေက္ခာသမ္ဗောဇ္ဈင်

ထိုရဟန်းသည် ထိုအခြင်းအရာဖြင့် တည်ကြည်သော စိတ်ကို ကောင်းစွာ လျစ်လျူရှု၏။ ဤသဘောကို လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

------

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## ဗောဇ္ဈင် ၇-ပါး အကျယ် (ဒုတိယနည်း)

၄၆၈။ သစ္စာလေးပါးကိုသိကြောင်း ဗောဇ္ဈင်တရားခုနစ်ပါးတို့ကား-

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။

(၂) သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်။

(၃) အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်။

(၄) နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်။

(၅) ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်။

(၆) တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

### (၁) သတိသမ္ဗောဇ္ဈင်

၄၆၉။ ထိုတရားတို့တွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

ကိုယ်တွင်းသန္တာန်ရှိတရားတို့၌ အောက်မေ့မှု သတိသည် ရှိ၏။ ကိုယ်ပသန္တာန်ရှိတရားတို့၌ အောက်မေ့မှု သတိသည် ရှိ၏။

(ထိုနှစ်မျိုးတို့တွင်) ကိုယ်တွင်းသန္တာန်ရှိတရားတို့၌ အောက်မေ့မှု သတိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ကိုယ်ပ သန္တာန်ရှိတရားတို့၌ အောက်မေ့မှု သတိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

### (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်သနည်း။

ကိုယ်တွင်းသန္တာန်ရှိတရားတို့၌ စိစစ်မှု ဓမ္မဝိစယသည် ရှိ၏။ ကိုယ်ပသန္တာန်ရှိ တရားတို့၌ စိစစ်မှု ဓမ္မဝိစယသည် ရှိ၏။

(ထိုနှစ်မျိုးတို့တွင်) ကိုယ်တွင်းသန္တာန်ရှိ တရားတို့၌ စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ကိုယ်ပသန္တာန်ရှိ တရားတို့၌ စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

### (၃) ဝီရိယသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင် မည်သနည်း။

ကိုယ်၌ ဖြစ်သော အားထုတ်မှု ဝီရိယသည် ရှိ၏။ စိတ်၌ ဖြစ်သောအားထုတ်မှု ဝီရိယသည် ရှိ၏။

(ထိုနှစ်မျိုးတို့တွင်) ကိုယ်၌ ဖြစ်သောအားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ စိတ်၌ဖြစ်သော အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

### (၄) ပီတိသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင် မည်သနည်း။

ဝိတက်ဝိစာရနှင့် တကွဖြစ်သော နှစ်သက်မှု ပီတိသည် ရှိ၏၊ ဝိတက်ဝိစာရနှင့်တကွ မဖြစ်သော နှစ်သက်မှု ပီတိသည် ရှိ၏၊

(ထိုနှစ်မျိုးတို့တွင်) ဝိတက်ဝိစာရနှင့်တကွဖြစ်သော နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ဝိတက်ဝိစာရနှင့်တကွ မဖြစ်သော နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

### (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်သနည်း။

ကိုယ်ငြိမ်းအေးမှု ပဿဒ္ဓိသည် ရှိ၏၊ စိတ်ငြိမ်းအေးမှု ပဿဒ္ဓိသည် ရှိ၏။ (ထိုနှစ်မျိုးတို့တွင်) ကိုယ်ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ စိတ်ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

### (၆) သမာဓိသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင် မည်သနည်း။

ဝိတက်ဝိစာရနှင့်တကွ ဖြစ်သော တည်ကြည်မှု သမာဓိသည် ရှိ၏၊ ဝိတက်ဝိစာရနှင့်တကွ မဖြစ်သော တည်ကြည်မှု သမာဓိသည် ရှိ၏။ (ထိုနှစ်မျိုးတို့တွင်) ဝိတက်ဝိစာရနှင့်တကွဖြစ်သော တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်သည်လည်းဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ဝိတက်ဝိစာရနှင့်တကွ မဖြစ်သော တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

### (၇) ဥပေက္ခာသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင် မည်သနည်း။

ကိုယ်တွင်းသင်္ခါရတရားတို့၌ လျစ်လျူရှုမှု ဥပေက္ခာသည် ရှိ၏။ ကိုယ်ပသင်္ခါရတရားတို့၌ လျစ်လျူရှုမှု ဥပေက္ခာသည် ရှိ၏။ (ထိုနှစ်မျိုးတို့တွင်) ကိုယ်တွင်းသင်္ခါရတရားတို့၌ လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ကိုယ်ပသင်္ခါရတရားတို့၌ လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## ဗောဇ္ဈင် ၇-ပါး အကျယ် (တတိယနည်း)

၄၇၀။ သစ္စာလေးပါးကို သိကြောင်း ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကား-

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။

(၂) သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်။

(၃) အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်။

(၄) နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်။

(၅) ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်။

(၆) တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

၄၇၁။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ကိလေသာ ကင်းဆိတ်ခြင်း၌ မှီသော၊ ရာဂ ကင်းခြင်း၌ မှီသော၊ ကိလေသာ ချုပ်ငြိမ်းမှု၌ မှီသော၊ နိဗ္ဗာန်သို့ ညွတ်သော အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။

သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ကိလေသာ ကင်းခြင်း၌ မှီသော၊ ရာဂ ကင်းခြင်း၌ မှီသော၊ ကိလေသာ ချုပ်ငြိမ်းမှု၌ မှီသော၊ နိဗ္ဗာန်သို့ ညွတ်သော လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။

**သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော သုတ္တန္တဘာဇနီယနည်း ပြီးပြီ။**

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယနည်း

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

## လောကုတ္တရာကုသိုလ်စိတ်၌ ပဌမနည်း

၄၇၂။ သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်' တရား ခုနစ်ပါးတို့ကား-

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။

(၂) တရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်။

(၃) အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်။

(၄) နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်။

(၅) ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်။

(၆) တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

၄၇၃။ ထိုတွင် အဘယ်တို့သည် သစ္စာလေးပါးကို သိကြောင်း ဗောဇ္ဈင်ခုနစ်ပါးတို့ ဖြစ်ကုန်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ပ။ လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ဟူသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏။

၄၇၄။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အဖန်ဖန်အောက်မေ့မှု 'အနုဿတိ' ။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု သတိသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ' ။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ' ။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အားထုတ်မှု ဝီရိယ သမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် နှစ်သက်မှု 'ပီတိ'၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'၊ လွန်စွာ ဝမ်းသာမှု 'အာမောဒနာ'၊ များစွာ ဝမ်းသာမှု 'ပမောဒနာ'၊ ရွှင်လန်းမှု 'ဟာသ'၊ များစွာ ရွှင်လန်းမှု 'ပဟာသ'၊ နှစ်သိမ့်မှု 'ဝိတ္တိ'၊ တက်ကြွမှု 'ဩဒဂျ'၊ မိမိစိတ်၏ အဖြစ် 'အတ္တမနတာ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော နှစ်သက်မှု ပီတိ သမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင် ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' ၏ အကြင် ငြိမ်းအေးမှု 'ပဿဒ္ဓိ'၊ အထပ်ထပ် ငြိမ်းအေးမှု 'ပဋိပဿဒ္ဓိ'၊ ငြိမ်းအေး သော အခြင်းအရာ 'ပဿမ္ဘနာ'၊ အထပ်ထပ် ငြိမ်းအေးသော အခြင်းအရာ 'ပဋိပဿမ္ဘနာ'၊ အထပ်ထပ် ငြိမ်းအေးသည်၏ အဖြစ် 'ပဋိပဿမ္ဘိတတ္တ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော ငြိမ်းအေးမှု ပဿဒ္ဓိ သမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု သမာဓိ သမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ထို့တွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ လောကီဥပေက္ခာထက် သာလွန်သော လျစ်လျူရှုမှု 'အဇ္ဈုပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရှိ၏၊ ဤသဘောကို လျစ်လျူရှုမှု ဥပေက္ခာ သမ္ဗောဇ္ဈင် ဟု ဆိုအပ်၏။

ဤသဘောတရားတို့ကို ဗောဇ္ဈင်ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။ ကြွင်းသော တရားတို့သည် သစ္စာ လေးပါးကို သိကြောင်းဖြစ်သော ဗောဇ္ဈင်ခုနစ်ပါးတို့နှင့်ယှဉ်သော တရားတို့ ဖြစ်ကုန်၏။

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## လောကုတ္တရာကုသိုလ်စိတ်၌ ဒုတိယနည်း

၄၇၅။ သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်' တရား ခုနစ်ပါးတို့ကား

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ပ။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

### (၁) သတိသမ္ဗောဇ္ဈင်

၄၇၆။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု သတိသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

### (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၃) ဝီရိယသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၄) ပီတိသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၆) သမာဓိသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## (၇) ဥပေက္ခာသမ္ဗောဇ္ဈင်

ထိုတွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ လောကီဥပေက္ခာထက် သာလွန် သော လျစ်လျူရှုမှု 'အဇ္ဈုပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရှိ၏၊ ဤသဘောကို လျစ်လျူရှုမှု ဥပေက္ခာ သမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## လောကုတ္တရာဝိပါက်စိတ်၌ ပဌမနည်း

၄၇၇။ သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်' တရား ခုနစ်ပါးတို့ကား-

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ပ။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

၄၇၈။ ထိုတွင် အဘယ်သည်တို့သည် ဗောဇ္ဈင်တရာ းခုနစ်ပါးတို့ဖြစ်ကုန်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့် ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။

မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှဆိတ်သော၊ အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ပ။

လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ဟူသော ဗောဇ္ဈင်တရားခုနစ်ပါးတို့သည် ဖြစ်ကုန်၏။

၄၇၉။ ထိုခုနစ်ပါးတို့တွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။

ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု သတိသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။ပ။

ထိုခုနစ်ပါးတို့တွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ လောကီဥပေက္ခာထက် သာလွန်သော လျစ်လျူရှုမှု 'အဇ္ဈုပေက္ခနာ'၊ စိတ်အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရှိ၏၊ ဤသဘောကို လျစ်လျူရှုမှု ဥပေက္ခာ သမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ဤတရားတို့ကို သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်' တရား ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။ ကြွင်းသော တရားတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## လောကုတ္တရာဝိပါက်စိတ်၌ ဒုတိယနည်း

၄၈၀။ သစ္စာလေးပါးကို သိကြောင်းဗောဇ္ဈင်တရားခုနစ်ပါးတို့ကား-

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ပ။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

### (၁) သတိသမ္ဗောဇ္ဈင်

၄၈၁။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏။ပ။

မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာ ကုသိုလ်ဈာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှဆိတ်သော၊ အကျိုးဝိပါက် ဖြစ်သော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အောက်မေ့မှု ‘သတိ’၊ အထပ်ထပ် အောက်မေ့မှု ‘အနုဿတိ’၊ ကောင်းစွာ အောက်မေ့မှု ‘သမ္မာသတိ’၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံး ဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု သတိသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘော ကို အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ဟုဆိုအပ်၏။

ကြွင်းသော တရားတို့သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၃) ဝီရိယသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၄) ပီတိသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၆) သမာဓိသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသော တရားတို့သည် တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၇) ဥပေက္ခာသမ္ဗောဇ္ဈင်

ထိုတွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏။ပ။

ဆင်းရဲသော အကျင့်ရှိသော နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။

မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော နှံ့နှေးသော အသိဉာဏ်ရှိသော အကျိုးဖြစ်သော အတ္တမှ ဆိတ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ လောကီဥပေက္ခာထက် သာလွန်သော လျစ်လျူရှုမှု 'အဇ္ဈုပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရှိ၏၊ ဤသဘောကို လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် လျစ်လျူရှုမှု ဥပေက္ခာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

**အဘိဓမ္မဘာဇနီယနည်း ပြီး၏။**

------

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆက

## (အမေးအဖြေပြု၍ ဟောကြားသောနည်း)

## ဗောဇ္ဈင် ၇-ပါး

၄၈၂။ သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်'တရား ခုနစ်ပါးတို့ကား-

(၁) အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'။

(၂) သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'။

(၃) အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'။

(၄) နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်'။

(၅) ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'။

(၆) တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'။

(၇) လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' တို့တည်း။

------

# ပဋ္ဌာန်းပိဋက

## ပဋ္ဌာန်း ၇-ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍

## အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

## တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

### (၁) ကုသလတိက် အမေးပုစ္ဆာ

၄၈၃။ပဋ္ဌာန်းခုနစ်ပါးတို့တွင်-ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

## ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

### (၁၀၀) သရဏဒုက်အမေးပုစ္ဆာ

ကိလေသာနှင့်တကွဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကိလေသာနှင့်တကွမဖြစ်သော ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

**မှတ်ချက်။** ။ ဝေဒနာတိက်မှစ၍ သနိဒဿနတိက်အထိ ၂၁-တိက်နှင့် ဟေတုဒုက်မှ သဥတ္တရဒုက်အထိ၉၉-ဒုက်တို့ကို ပေယျာလဖော်၍ ဟောပါ။

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## ဗောဇ္ဈင်ခုနစ်ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အဖြေဝိသဇ္ဇနာကိုပြခြင်း

## တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### (၁) ကုသလတိက်အဖြေ

၄၈၄။ ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရံခါ ကုသိုလ် ဖြစ်ကုန်၏။ ရံခါ အဗျာကတ ဖြစ်ကုန်၏။

### (၂) ဝေဒနာတိက်အဖြေ

နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်သည် သုခဝေဒနာနှင့် ယှဉ်၏။ (ကြွင်း) ဗောဇ္ဈင်ခြောက်ပါးတို့သည် ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

### (၃) ဝိပါကတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရံခါ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်၏။ ရံခါ အကျိုးကို ဖြစ်စေတတ်သော သဘောရှိကုန်၏။

### (၄) ဥပါဒိန္နတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

### (၅) သံကိလိဋ္ဌတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာ၏ အာရုံလည်း မဟုတ်ကုန်။

### (၆) ဝိတက္ကတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရံခါ ဝိတက်လည်းရှိ၊ ဝိစာရလည်း ရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

### (၇) ပီတိတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့တွင် ပီတိသမ္ဗောဇ္ဈင်သည် ပီတိနှင့်တကွ မဖြစ်။ သုခဝေဒနာနှင့်တကွ ဖြစ်၏။ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်။ (ကြွင်း) ဗောဇ္ဈင်ခြောက်ပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

### (၈) ဒဿနတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ် သုံးခုဖြင့် ပယ်အပ်သည်လည်း မဟုတ်ကုန်။

## (၉) ဒသဿနပဟေတုတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက် မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

## (၁၀) အာစယဂါမိတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရံခါ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရံခါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

## (၁၁) သေက္ခတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရံခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်၏။ ရံခါ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်၏။

## (၁၂) ပရိတ္တတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ မရှိကုန်။

## (၁၃) ပရိတ္တာရမ္မဏတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံပြုကုန်၏။

## (၁၄) ဟီနတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် မြတ်သော တရားတို့ ဖြစ်ကုန်၏။

## (၁၅) မိစ္ဆတ္တတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရံခါ မဖေါက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲကုန်၏။ ရံခါ အကျိုးပေး မမြဲကုန်။

## (၁၆) မဂ္ဂါရမ္မဏတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် မဂ်ကို အာရုံမပြုမူ၍ အချို့ မဂ်ဟု ဆိုအပ်သော အကြောင်း ဟိတ် ရှိကုန်၏။ အချို့မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏။ အချို့မဂ်ဟု ဆိုအပ်သော အကြောင်း ဟိတ် ရှိကုန်၏ဟူ၍ လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ (တိက်မုတ်)

## (၁၇) ဥပ္ပန္နတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရံခါ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ကုန်။ အချို့ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏။

## (၁၈) အတီတတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏၊ ရံခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ဖြစ်ကုန်၏၊ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

## (၁၉) အတီတာရမ္မဏတိက်အဖြေ (တိက်မုတ်)

ဗောဇ္ဇျှင်ခုနစ်ပါးတို့သည် ဖြစ်ပြီး အတိတ်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မရောက်သေး (အနာဂတ်)ကို အာရုံ ပြုကုန်၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ (ပစ္စုပ္ပန်)ကို အာရုံ ပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

## (၂၀) အဇ္ဈတ္တတိက်အဖြေ

ဗောဇ္ဇျှင်ခုနစ်ပါးတို့သည် ရုံခါ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏၊ ရုံခါ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏၊ ရုံခါ အတွင်းအပ'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက်အဖြေ။

ဗောဇ္ဇျှင်ခုနစ်ပါးတို့သည် အပ 'ဗဟိဒ္ဓ' တရား (နိဗ္ဗာန်) ကို အာရုံပြုကုန်၏။

## (၂၂) သနိဒဿနတိက်အဖြေ။

ဗောဇ္ဇျှင်ခုနစ်ပါးတို့သည် မြင်ခြင်းလည်း မရှိ ထိပါးခြင်းလည်း မရှိကုန်။

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## ဟေတုဂေါစ္ဆက အဖြေဝိသဇ္ဇနာ

### (၁) ဟေတုဒုက်

၄၈၅။ ဗောဇ္ဈင်ခုနစ်ပါးတို့တွင် သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဟိတ် မည်၏။

### (၂) *သဟေတုကဒုက်

ဗောဇ္ဈင်ခြောက်ပါးတို့သည် ဟိတ်  ရှိကုန်၏။

### (၃) ဟေတုသမ္ပယုတ္တဒုက်

ဗောဇ္ဈင်ခြောက်ပါးတို့သည် ဟိတ်နှင့် ယှဉ်ကုန်၏။

### (၄) ဟေတုသဟေတုကဒုက်

သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဟိတ်လည်းမည်၊ ဟိတ်လည်း ရှိကုန်၏၊ (ကြွင်းသော) ဗောဇ္ဈင်ခြောက်ပါးတို့သည် ဟိတ်လည်းမည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်သာ ရှိ၍ ဟိတ် မမည်ကုန်။

### (၅) ဟေတုဟေတုသမ္ပယုတ္တဒုက်

သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်၏။ ဗောဇ္ဈင်ခြောက်ပါးတို့ကို ဟိတ်လည်းမည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ကုန်။

### (၆) နဟေတုသဟေတုကဒုက်

ဗောဇ္ဈင်ခြောက်ပါးတို့သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏။ သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဟိတ် မမည်မူ၍ ဟိတ်သာ ရှိ၏ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်။ (ဒုက်မုတ်)။

* (၂) နံပါတ် သဟေတုကဒုက် ပါဠိတော်၌ မရှိပါ၊ သို့သော် (၃) နံပါတ် ရလျှင် ယင်းဒုက်လည်း ရသင့်၍ ထည့်ထားသည်။

# ပဋ္ဌာန်းပါဠိ

## စူဠန္တရဒုက်အဖြေပါဠိသဒ္ဒနာ

**(၇) သပ္ပစ္စယဒုက်**

(ပဋ္ဌာန်းခုနစ်ပါးတို့သည်) ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းရှိကုန်၏။

**(၈) သင်္ခတဒုက်**

(ပဋ္ဌာန်းခုနစ်ပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

**(၉) သနိဒဿနဒုက်**

(ပဋ္ဌာန်းခုနစ်ပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

**(၁၀) သပ္ပဋိဃဒုက်**

(ပဋ္ဌာန်းခုနစ်ပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

**(၁၁) ရူပီဒုက်**

(ပဋ္ဌာန်းခုနစ်ပါးတို့သည်) နာမ်တရားဖြစ်ကုန်၏။

**(၁၂) လောကိယာဒုက်**

(ပဋ္ဌာန်းခုနစ်ပါးတို့သည်) လောကမှ လွတ်မြောက်တတ်ကုန်၏။

**(၁၃) ကေနစိဝိညေယျဒုက်**

(ပဋ္ဌာန်းခုနစ်ပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သဘောရှိကုန်၏။

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## အာသဝဂေါစ္ဆကဒုက်အဖြေဝိသဇ္ဇနာ

**(၁၄) အာသဝဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အာသဝ မမည်ကုန်။

**(၁၅) သာသဝဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အာသဝ၏ အာရုံ မဖြစ်ကုန်။

**(၁၆) အာသဝသမ္ပယုတ္တဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

**(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အာသဝလည်းမည်, အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

**(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့ကို) အာသဝလည်းမည်, အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့် ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

**(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

## သံယောဇနဂေါစ္ဆကအဖြေ

**(၂၀-၂၅) သံယောဇနဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## ဂန္ထဂေါစ္ဆကအဖြေ

**(၂၆-၃၁) ဂန္ထဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ဂန္ထမမည်ကုန်။ပ။

## ဩဃဂေါစ္ဆကအဖြေ

**(၃၂-၃၇) ဩဃဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ဩဃ မမည်ကုန်။ပ။

## ယောဂဂေါစ္ဆကအဖြေ

**(၃၈-၄၃) ယောဂဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ယောဂ မမည်ကုန်။ပ။

## နီဝရဏဂေါစ္ဆကအဖြေ

**(၄၄-၄၉) နီဝရဏဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

## ပရာမာသဂေါစ္ဆကအဖြေ

**(၅၀-၅၄) ပရာမာသဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## မဟန္တရဒုက်အဖြေ

**(၅၅) သာရမ္မဏဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

**(၅၆) စိတ္တဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်မမည်ကုန်။

**(၅၇) စေတသိကဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စေတသိက် မည်ကုန်၏။

**(၅၈) စိတ္တသမ္ပယုတ္တဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့် ယှဉ်ကုန်၏။

**(၅၉) စိတ္တသံသဋ္ဌဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့် နှီးနှောကုန်၏။

**(၆၀) စိတ္တသမုဋ္ဌာနဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

**(၆၁) စိတ္တသဟဘုဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်**

(ဟောဖွင့်ခုနစ်ပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၆) အဇ္ဈတ္တိကဒုက်**

(ဟောဖွင့်ခုနစ်ပါးတို့သည်) အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

**(၆၇) ဥပါဒါဒုက်**

(ဟောဖွင့်ခုနစ်ပါးတို့သည်) မဟာဘုတ်လေးပါးကို မှီ၍ မဖြစ်ကုန်။

**(၆၈) ဥပါဒိန္နဒုက်**

(ဟောဖွင့်ခုနစ်ပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

## ဥပါဒါနဂေါစ္ဆကအဖြေ

**(၆၉-၇၄) ဥပါဒါနဒုက်**

(ဟောဖွင့်ခုနစ်ပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

## ကိလေသဂေါစ္ဆကအဖြေ

**(၇၅-၈၂) ကိလေသဒုက်**

(ဟောဖွင့်ခုနစ်ပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

# ဗောဇ္ဈင်္ဂဝိဘင်္ဂ

## ပိဋကဒုက်အဖြေ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၇) သဝိတက္ကဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ရံခါ ဝိတက်နှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဝိတက်နှင့်တကွ မဖြစ်ကုန်။

**(၈၈) သဝိစာရဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ရံခါ ဝိစာရနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဝိစာရနှင့်တကွ မဖြစ်ကုန်။

**(၈၉) သပ္ပီတိကဒုက်**

နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်သည် ပီတိနှင့်တကွ မဖြစ်။ (ကြွင်း) ဗောဇ္ဈင်ခြောက်ပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်၏၊ ရံခါ ပီတိနှင့်တကွ မဖြစ်။

**(၉၀) ပီတိသဟဂတဒုက်**

နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်သည် ပီတိနှင့်တကွ မဖြစ်။ (ကြွင်း) ဗောဇ္ဈင်ခြောက်ပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ပီတိနှင့် တကွ မဖြစ်ကုန်။

**(၉၁) သုခသဟဂတဒုက်**

နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်သည် သုခဝေဒနာနှင့်တကွ ဖြစ်၏။ (ကြွင်း) ဗောဇ္ဈင်ခြောက်ပါးတို့သည် ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၂) ဥပေက္ခာသဟဂတဒုက်**

နှစ်သက်မှု ပီတိသမ္ပယုတ်သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်။ (ကြွင်း) ဗောဇ္ဈင်ခြောက်ပါးတို့သည် ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၃) ကာမာဝစရဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ကာမာဝစရ မမည်ကုန်။

**(၉၄) ရူပါဝစရဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ရူပါဝစရ မမည်ကုန်။

**(၉၅) အရူပါဝစရဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အရူပါဝစရ မမည်ကုန်။

**(၉၆) ပရိယာပန္နဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ဝဋ်တရား၌ အကျုံး မဝင်ကုန်။

**(၉၇) နိယျာနိကဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အချို့ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ အချို့ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဖြစ်ကုန်။

**(၉၈) နိယတဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) မိမိ၏ အခြားမဲ့၌ ရံခါ အကျိုးပေးမြဲ ကုန်၏။ ရံခါ အကျိုးပေး မမြဲကုန်။

**(၉၉) သဥတ္တရဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) မိမိထက် လွန်မြတ်သော တရား မရှိကုန်။

**(၁၀၀) သရဏဒုက်**

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

**ဗောဇ္ဈင် ၇-ပါးတို့ကို တိက် ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်၍ ပြသော ပဉှာပုစ္ဆကနည်း ပြီး၏။**

## ဗောဇ္ဈင် ၇-ပါးတို့ကို ဝေဖန်၍ပြသော

## ဗောဇ္ဈင်ဝိဘင်း ပြီးပြီ။

------